# “သဘာဝ”စီမံကိန်း လှုပ်ရှားမှုများ

## ၄.၅.၂၀၁၉



အပြည်ပြည်ဆိုင်ရာ စွမ်းအင်ခြိုးခြံချွေတာမှုဆိုင်ရာ အကြံပေး Mr. Rajat Batra၏ အကူအညီဖြင့် သဘာဝစီမံကိန်းမှ စွမ်းအင်ခြိုးခြံချွေတာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ စွမ်းအင်ခြိုးခြံချွေတာခြင်း၏ အကျိုးကျေးဇူးနှင့် စားသောက်ကုန်နှင့်အဖျော်ယမကာစီးပွားရေးလုပ်ငန်းရှင်များအကြား စွမ်းအင်ခြိုးခြံချွေတာမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် အစိမ်းရောင်ငွေကြေး အခွင့်အလမ်းများ အကြောင်းကို အသိပညာမြှင့်တင်ရန်ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲက စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်များအကြား အတွေးအခေါ်နှင့် အတွေ့အကြုံများဖလှယ်ခြင်းနှင့် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်း ကိုယ်တွေ့အတွေ့အကြုံများနှင့် ရင်းနှီးစေရန် ပံပိုးပေးခဲ့သည်။

## ၁၇.၁၂.၂၀၁၈ - ၂၈.၁၂.၂၀၁၈



စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများ အကြားတွင် ရေဆိုးသန့်စင်စွန့်ထုတ်မှု နည်းလမ်းများဆိုင်ရာ အရည်အသွေး မြှင့်မားစေရန် ရည်ရွယ်၍ စာတွေ့နှင့်လက်တွေ့ စမ်းသပ်နည်းများပါဝင်သော “ရေဆိုးသန့်စင်စွန့်ထုတ်မှုနည်းလမ်းများဆိုင်ရာ ဆရာဖြစ်သင်တန်း”ကို ရန်ကုန်နည်းပညာတက္ကသိုလ်မှပါမောက္ခ(၂)ဦး သင်ကြားပို့ချခဲ့သည်။ သင်တန်းကို သင်တန်းသား (၄၁)ဦးတက်ရောက်ခဲ့ပြီး အများစုမှာ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများမှဖြစ်သည်။သင်တန်းမှရလာဒ်အနေဖြင့် သဘာဝစီမံကိန်းမှစားသောက်ကုန်နှင့်အဖျော်ယမကာ လုပ်ငန်းစက်ရုံ(၄)ခုအတွက် ရေဆိုးသန့်စင်စွန့်ထုတ်မှုစနစ်ဒီဇိုင်း(၄)မျိုးရေးဆွဲပေးနိုင်ခဲ့သည်။

## ၂၇.၁၁.၂၀၁၈



စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများအတွက် အစိမ်းရောင်ငွေကြေးအရှိန်အဟုန် မြှင့်တင်ရန် သဘာဝစီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ဂျာမနီနိုင်ငံမှ Saving Banks Foundation for International Cooperationက မြန်မာနိုင်ငံရှိ ဘဏ်များနှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးခဲ့သည်။ အဆိုပါ ဘဏ်များမှာ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်၊သမဝါယမဘဏ်၊မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် မြန်မာနိုင်ငံသားများဘဏ်တို့ဖြစ်ကြသည်။ သဘာဝစီမံကိန်းအနေဖြင့် ဘဏ်များကို ၎ာနတွင်း အစိမ်းရောင်ငွေကြေးနယ်ပယ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ပေးခြင်းနှင့် အစိမ်းရောင်ငွေကြေးနှင့်ဆိုင်သောချေးငွေများကို ဒီဇိုင်းဖန်တီးခြင်းနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဈေးကွက်အတွင်း ရောင်းချနိုင်ရေးတို့တွင် ပံ့ပိုးကူညီပေးပါသည်။

## ၃၁. ၈. ၂၀၁၈




သဘာဝ စီမံကိန်း အနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများနှင့် အခြား တက်ရောက်သူ (၉၀) ကျော် တက်ရောက်ခဲ့သော ရေရှည်တည်တံ့သော ကုန်ထုတ်လုပ်မှု အလေ့အကျင့်များအကြောင်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့ပါတယ်။အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင်နမူနာများနှင့်အောင်မြင်မှုမှတ်တမ်းများ အသုံးပြု၍ သန့်စင်ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းနာများနှင့် အလေ့အကျင့်များကို အသားပေးတင်ပြခဲ့သည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှု၊ ကုန်ပစ္စည်းအမှတ်တံဆိပ် တိုးမြှင့်ခြင်း၊ စွမ်းအင်ခြိုးခြံချွေတာမှုနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ စိန်ခေါ်မှုများကို မည်သို့တုံ့ပြန်ဆောင်ရွက်မှုများအပေါ် အလေးထားတင်ပြခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် လက်တွေ့နှင့် သန့်စင်ကုန်ထုတ်မှုဆိုင်ရာ နမူနာများကို တင်ပြခဲ့ပြီး ဆွေးနွေးခဲ့သည်။

switchasia GRANTS PROGRAMME

Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF-မြန်မာ တစ်ဦးတည်း၏
ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

သဘာဝ A sustainable future for industry




## အောင်မြင်မှုမှတ်တိုင်

## WALCO နို့နှင့် နို့ထွက်ပစ္စည်းလုပ်ငန်း

မြန်မာနိုင်ငံရဲ့ မြစ်များထဲသို့ နေ့စဉ်အမျှ တန်နှင့်ချီသော စက်မှုလုပ်ငန်းများမှထွက်သော ရေဆိုးများစွန့်ထုတ်နေပါသည်။ စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော စက်မှုလုပ်ငန်းများထဲမှ တစ်ခုဖြစ်ပြီး အဆိုပါ စွန့်ပစ်ရေဆိုးများစွန့်ထုတ်မှုကိုသိသိသာသာထောက်ပံ့ပေးနေစေပါသည်။ဥရောပသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် သဘာဝစီမံကိန်းက စားသောက်ကုန်နှင့် အဖျော်ယမကာလုပ်ငန်းများ သန့်ရှင်းပြီး ပိုမို ရေရှည်တည်တံ့သော ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို တပ်ဆင်အသုံးပြုနိုင်စေရန် ပံ့ပိုးပေးပါသည်။ ဥပမာအားဖြင့် စီမံကိန်းက စီးပွားရေးလုပ်ငန်းများကို ၎င်းတို့ရဲ့ ရေဆိုးစွန့်ထုတ်မှုစနစ်များကို တိုးတက်စေရန် နည်းပညာအကူအညီများ ထောက်ပံ့ပေးပါသည်။ ယခုကိစ္စမျိုး၏ ဥပမာကို ပြရမည်ဆိုလျှင် WALCO နို့နှင့်နို့ထွက်ပစ္စည်းကမ္ပဏီ၌ ယုံကြည်စိတ်ချရသော ရေဆိုး သန့်စင် စွန့်ထုတ်မှုစက်ရုံ၏ ဒီဇိုင်းနှင့် တည်ဆောက်အသုံးပြုနေမှုဖြစ်သည်။

အပြည့်အစုံဖတ်ရန် နှိပ်ပါ

Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF-မြန်မာ တစ်ဦးတည်း၏ ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

A sustainable future for industry